# မြန်မာစာ

Legal Aid WA (လီဂယ် အေးဒ်ယ ဒဗလျူ-အေ / အနောက်သြစတြေးလျားပြည်နယ် တရားဥပဒေဆိုင်ရာ အကျိုးဆောင်အဖွဲ့အစည်း) သည် သင်၏ တရားဥပဒေဆိုင်ရာ ပြဿနာများအား နားလည်သဘောပေါက်ရန်အတွက် သင့်အား ကူညီပေးပြီး၊ ၎င်းတို့အား ကူညီဖြေရှင်းပေးရန် နည်းလမ်းများကို သင့်အား ကူညီရှာဖွေပေးပါသည်။

ကျွန်ုပ်တို့က သင့်အား ကူညီနိုင်မည့်ပုံမှာ သင့် တရားဥပဒေဆိုင်ရာ ပြဿနာ၊ သင့် ကိုယ်ရေးကိုယ်တာ အခြေအနေ နှင့် ကျွန်ုပ်တို့၏ ရင်းမြစ်များတို့အပေါ် မူတည်ပါသည်။

**Legal Aid WA ထံမှ မည်သည့် ဝန်ဆောင်မှုများရရှိနိုင်သနည်း။**

- ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်မှ အချက်အလက်များ၊ ရင်းမြစ်များ နှင့် ထုတ်ဝေချက်များကို အခမဲ့ ရရှိနိုင်သည်
- Infoline (အင်ဖိုလိုင်း / အချက်အလက်များ သိရှိရေးဆိုင်ရာ ဖုန်းလိုင်း) ဖုန်းနံပါတ် - ၁၃၀၀ ၆၅၀ ၅၇၉
- အောက်ပါတို့အပါအဝင် ပြဿနာများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာ အကြံဉာဏ် နှင့် အကူအညီတို့အတွက် ရက်ချိန်းများယူခြင်း
  - ပြစ်မှုဆိုင်ရာ စွဲချက်များ
  - မိသားစု ပဋိပက္ခများဆိုင်ရာ၊ ကလေး အထောက်အပံ့ဆိုင်ရာ၊ စောင့်ရှောက်ကြည့်ရှုပေးခြင်း နှင့် ကာကွယ်ပေးခြင်းဆိုင်ရာ လျှောက်လွှာများ
  - တားမြစ်ထိန်းချုပ်ရေး အမိန့်များ
  - ဝန်ဆောင်မှု ရသူများဆိုင်ရာ ကိစ္စများ၊ ကြွေးမြီများ၊ အလုပ်အကိုင်ဆိုင်ရာ ပြဿနာများ၊ အုပ်ထိန်းမှု နှင့် စီမံအုပ်ချုပ်ရေး၊ ကြီးကြပ်ရေး၊ အာမခံ တောင်းဆိုချက်များ၊ ပေါင်နှံစာချုပ်ဆိုင်ရာ အခက်အခဲများ၊ မော်တော်ယာဉ်နှင့်အတူ ပစ္စည်းဥစ္စာ ထိခိုက်ပျက်စီးမှု၊ လူမှုဖူလုံရေး နှင့် ပြစ်မှု၏ သားကောင်များအတွက် လျော်ကြေးတို့ဖြစ်ပါသည်။
- အထွေထွေ တရားရုံး၊ ကလေးများဆိုင်ရာ တရားရုံး၊ မိသားစုဆိုင်ရာ တရားရုံးတို့၌ အကြံဉာဏ်နှင့် အကူအညီ ရရန်အတွက် တာဝန်ကျ ရှေ့နေမှ ဝန်ဆောင်ပေးသည်။ ကျွန်ုပ်တို့၏ တာဝန်ကျ ရှေ့နေများသည် သင့်အား တရားခွင်၌ ကိုယ်စားမပြုပေးနိုင်ပါ။
- ထောက်ပံ့ကြေးကို ရရှိပါက၊ ရှေ့နေတစ်ဦးမှ အစဉ်တစိုက် ဆက်လက်၍ ကိုယ်စားပြုပေးသွားသည်
- လူမှုအသိုင်းအဝန်း အဖွဲ့အစည်းများ နှင့် ပြည်သူလူထုတို့အတွက် တရားဥပဒေရေးရာ ပညာပေး အရင်းအမြစ်များတို့ဖြစ်ပါသည်။

**ကျွန်ုပ် စကားပြန် လိုအပ်လျှင်ကော။**



အင်္ဂလိပ်လို ပြောဆိုရန် သို့မဟုတ် နားလည်ရန် အခက်အခဲရှိကြသူများအား ကျွန်ုပ်တို့က အကောင်းဆုံးဖြစ်အောင် ကူညီပေးပါသည်။ အကယ်၍သင့်အနေနှင့် အခြားဘာသာစကားကို ပြောဆိုရန် ပိုပြီးနှစ်သက်ပါက၊ သင့်အား ကူညီရန် ကျွန်ုပ်တို့က စကားပြန် စီစဉ်ပေးနိုင်သည်။

သင် Infoline ကို ဖုန်းဆက်သောအခါ၌ သို့မဟုတ် ကျွန်ုပ်တို့၏ ရုံးတစ်ခုခုသို့ လာသောအခါတွင်၊ သင် မည်သည့် ဘာသာစကားပြောဆိုသည်ကို ကျွန်ုပ်တို့အား ပြောပါ။ ကျွန်ုပ်တို့က စကားပြန်ကို ကြိုတင်စီစဉ်ပေးမည်ဖြစ်ပြီး၊

# မြန်မာစာ

စကားပြန်အား အသုံးပြု၍ သင်၏ တရားဥပဒေဆိုင်ရာ ပြဿနာများအကြောင်းကို ဆွေးနွေးရန် သင့်အား ရက်ချိန်းကို စီစဉ်ပေးမည်ဖြစ်သည်။

အကယ်၍သင်သည် ရက်ချိန်း၌ စကားပြန်အား အသုံးပြုလိုပါက၊ သင် ရက်ချိန်းယူသည့်အခိုက်တွင် ကျွန်ုပ်တို့အား ထိုအကြောင်းကို ကျေးဇူးပြု၍ ကြိုတင်အသိပေးပါ။

အကယ်၍သင်သည် တရားရုံးတက်ရမည်ဆိုလျှင်၊ သင်သည် တရားရုံးကို ဆက်သွယ်ပြီး၊ သင့်အတွက် စကားပြန်ကို စီစဉ်ပေးခိုင်းပါ။ အကယ်၍သင်သည် တရားရုံး၌ရှိနေပြီး စကားပြန် မရှိပါက၊ ကျွန်ုပ်တို့၏ တာဝန်ကျ ရှေ့နေအား သင့်အမှုကို အခြားနေ့တစ်ခုခုသို့ ရွှေ့ဆိုင်းပေးရန် ကူညီပေးနိုင်မည်လားဟု မေးမြန်းပြီး၊ နောက်တစ်ခေါက်အတွက် စကားပြန်ကို တောင်းခံပါ။

## ကျွန်ုပ်တို့အား ဆက်သွယ်ပါ

Infoline အား ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီ (အနောက်ပိုင်း စံတော်ချိန်) အထိ ဖွင့်လှစ်ထားပြီး၊ ဖုန်းနံပါတ်မှာ ၁၃၀၀ ၆၅၀ ၅၇၉ ဖြစ်သည်။

ကျွန်ုပ်တို့၏ ရုံးချုပ်သည် 32 St Georges Terrace, Perth ၌ တည်ရှိသည်။ အဓိက ဒေသဆိုင်ရာဌာနများ၌လည်း ကျွန်ုပ်တို့ ရုံးများ ရှိပါသည်။